# Zoning (ဇုန်နယ်မြေပိုင်းခြားချက်) ဆိုသည်မှာ မည်သို့နည်း။

**၎င်းသည် မြေယာအား မည်သို့ အသုံးပြုကြောင်း နှင့် အဆောက်အဦးများ မည်သို့ ပုံပန်းသွင်ပြင်ရှိကြောင်းအပေါ် သက်ရောက်မှုရှိသည့် ကိရိယာတစ်ခု ဖြစ်သည်။**

**၎င်းသည် အတူတကွ ကောင်းမွန်စွာ တွဲဖက်နိုင်ခြင်းမရှိသော အသုံးပြုမှုများကိုလည်း ပိုင်းခြားပေးနိုင်သည်။**


**ထို့နည်းတူ ၎င်းသည် အတူတကွ ကောင်းမွန်စွာ တွဲဖက်နိုင်သော အသုံးပြုမှုများကိုလည်း ရောစပ်ပေးနိုင်သည်။**



## အတူတကွ ကောင်းမွန်စွာ တွဲဖက်နိုင်ခြင်းမရှိသော အသုံးပြုမှုများအား ပိုင်းခြားပေးခြင်း ဥပမာတစ်ခုအား ဖော်ပြပေးပါ။

Zoning (ဇုန်နယ်မြေပိုင်းခြားချက်)သည် လူနေအိမ်များအနီး၌ စက်ရုံများ တည်ရှိခြင်းကို မကြာခဏ တားဆီးလေ့ရှိသည်။

မည်သည့်အတွက်ကြောင့်နည်း။
အကြောင်းမှာ စက်ရုံများသည် လူတစ်ဦး မိမိနေအိမ်၌ နေထိုင်ဖို့အတွက် အခက်အခဲဖြစ်စေနိုင်သည့် သို့မဟုတ် အန္တရာယ်ပင်ရှိစေနိုင်သည့် မီးခိုးငွေ့များ၊ ဆူညံသံများ နှင့် အနံ့ဆိုးများအား ထုတ်လွှတ်သောကြောင့် ဖြစ်သည်။



## အတူတကွ ကောင်းမွန်စွာ တွဲဖက်နိုင်သော အသုံးပြုမှုများအား ရောစပ်ပေးခြင်း ဥပမာတစ်ခုအား ဖော်ပြပေးပါ။

Zoning (ဇုန်နယ်မြေပိုင်းခြားချက်)သည် အသေးစား လုပ်ငန်းများ၊ စာသင်ကျောင်းများ သို့မဟုတ် ပန်းခြံများအား လူနေအိမ်ခြေ ရပ်ကွက်များအနီး၌ နေရာချထားခွင့်ပြုလေ့ရှိသည်။

မည်သည့်အတွက်ကြောင့်နည်း။
သင့်နေအိမ်အနီး ဈေးဝယ်ထွက်နိုင်ခြင်း၊ ကျောင်းသို့ သွားနိုင်ခြင်း သို့မဟုတ် ဆော့ကစားနိုင်ခြင်းသည် ပိုမိုခိုင်မာသော ရပ်ရွာအဖွဲ့အစည်းတစ်ခုအား ဖန်တီးပေးပြီး၊ သင့်နေအိမ်အပေါ် ဆိုးကျိုး သက်ရောက်မှု ရှိစေမည် မဟုတ်ပေ။

## Zoning (ဇုန်နယ်မြေပိုင်းခြားချက်) သည် အဆောက်အဦးများ၏ ပုံပန်းသွင်ပြင်အပေါ် မည်သို့ သက်ရောက်မှုပြုသနည်း။

Zoning (ဇုန်နယ်မြေပိုင်းခြားချက်)သည် အောက်ပါကဲ့သို့သော ကိရိယာများအား အသုံးပြု၍ အရွယ်အစား နှင့် ပုံပန်းသဏ္ဍာန်တို့အား စည်းမျဉ်းချမှတ်ပေးနိုင်သည်။

Setbacks (အကွာအဝေးပြသချက်များ) – အဆောက်အဦးတစ်ခုသည် လမ်းမ သို့မဟုတ် အခြားသော ပိုင်ဆိုင်မှုအဆောက်အအုံများဖြင့် မည်မျှ နီးကပ်မှုရှိကြောင်းကို ထိန်းချုပ်ပေးသည်။

Height limits (အမြင့်ကန့်သတ်ချက်များ) – အဆောက်အဦးတစ်ခုသည် အမြင့် မည်မျှရှိနိုင်ကြောင်းကို ထိန်းချုပ်ပေးသည်။

ဥပမာအားဖြင့် Chapel Hill မြို့ထဲဧရိယာအတွင်းတွင် အဆောက်အဦးများအား လူသွားစင်္ကြံအနီး နေရာချထားနိုင်ပြီး၊ အထပ်ပေါင်းများစွာ အမြင့်ရှိနိုင်ပေသည်။ သို့သော် လူနေရပ်ကွက်များတွင်မူ အဆောက်အဦးများအား အထပ် အနည်းငယ်သာ ရှိစေရန် ကန့်သတ်ထားပြီး၊ လမ်းမနှင့် အဝေးတွင် တည်ဆောက်ရန် လိုအပ်ပေသည်။

